# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၉၇၄ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးစိန်မျိုးအောင် (မန်နေးဂျင်းဒါရိုက်တာ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်<br>အမှတ်-၆၂၊ (၁၅) လမ်း၊ (၈၇) နှင့် (၈၈) လမ်းကြား၊<br>အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။<br>ဖုန်း-၀၉ ၄၀၀၀၃၈၃၄၄ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မြေဧရိယာ (၆၀) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊<br>လုံးရုံးကျေးရွာအုပ်စု၊ လောက်ဖန်း-ကွင်းပြင်ဒေသ။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၂၂-၃-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၂၁-၃-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ငွေရည်ပုလဲကုမ္ပဏီလီမိတက်၏ ၄-၇-၂၀၂၂ ရက်စွဲပါ စာဖြင့်<br>တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"** |



၂၆.၈.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ လုံးရုံးကျေးရွာအုပ်စု၊ လောက်ဖန်း-ကွင်းပြင်ဒေသရှိ မြေဧရိယာ (၆၀) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ၄-၇-၂၀၂၂ ရက်စွဲပါ စာဖြင့် တင်ပြခဲ့သည့် အကြံပေးပုဂ္ဂိုလ်၊ ဦးဇော်ဝင်းမှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးစိန်မျိုးအောင်၊ Managing Director၊ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊ အမှတ်-၆၂၊ (၁၅) လမ်း၊ (၈၇) နှင့် (၈၈) လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၀၀၀၃၈၃၄၄ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းအား ဟင်းလင်းဖွင့်တူးဖော်နည်းစနစ် (Open Pit Mining Method) ဖြင့် တူးဖော်ထုတ်လုပ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) တန်ချိန် (၉၀,၀၀၀) ခန့်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ တူးဖော်ရရှိသည့် ထုံးကျောက်များအား စုပုံကွင်းတွင်ထားရှိပြီး စုပုံကွင်းမှ ကုမ္ပဏီပိုင် Crown ဘိလပ်မြေစက်ရုံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်းနှင့် ထုံးကျောက်များတူးဖော်မည့်နေရာသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထုံးကျောက်များတူးဖော်ထုတ်လုပ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ပင်မအဝင်လမ်းဖောက်လုပ်ခြင်း၊ တူးဖော်ရေးလမ်းနှင့် ထုံးကျောက်သယ်ယူရေးလမ်းဖောက်လုပ်ခြင်း၊ မြေမျက်နှာသွင်ပြင်ရှင်းလင်းပြုပြင်ခြင်း၊ သတ္တုသိုက်ဖွင့်လှစ်ခြင်း၊ ရေတားမြောင်း၊ ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ ထုံးကျောက်များတူးဖော်ထုတ်လုပ်ခြင်းနှင့် ယမ်းဖောက်ခွဲခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် Hydraulic Crawler Drill (၄) စီး၊ Backhoe (Kobelko-480) (၂) စီး၊ Backhoe (Kobelko-330) (၂) စီး၊ Hydraulic Breaker (၁) စီး၊ Wheel Loader (၁) စီး၊ Reardump Truck (25 ton) (၂၁) စီး၊ Budollzer (၁) စီး၊ Air Compressor & Jackhammer (၅) စုံနှင့် Water Bowser (၁) စီး တို့ကို အသုံးပြုမည်ဖြစ်ပြီး ဝန်ထမ်းအင်အား (၆၇) ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအသုံးပြုသည့် ရေပမာဏမှာ တစ်နှစ်လျှင် ဂါလန် (၁၂၉,၀၀၀) ခန့်၊ ဖုန်မှုန့်ပျံ့လွင့်မှုမရှိစေရန်နှင့်


စိုက်ပျိုးပင်များ ရေလောင်းရန်အတွက် တစ်နှစ်လျှင် ဂါလန် (၃၆၅,၀၀၀) ခန့်အသုံးပြုမည်ဖြစ်ပြီး လုပ်ကွက်၏ မြောက်ဘက်ရှိ Crown ဘိလပ်မြေစက်ရုံ ရေလှောင်ကန်မှ ပိုက်လိုင်းသွယ်တန်း၍ အသုံးပြုမည်ဖြစ်ကြောင်း၊ သောက်သုံးရေအတွက် (၂၀) လီတာဆံ့ ရေသန့်ဘူးများကို ဝယ်ယူအသုံးပြုမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတွင် အဓိကအသုံးပြုမည့် ကုန်ကြမ်းပစ္စည်းမှာ ဒီဇယ်ဆီဖြစ်ပြီး တစ်နှစ်လျှင် ဒီဇယ်ဂါလန် (၃၀၄,၀၄၆) ခန့်၊ အင်ဂျင်ဝိုင်ဂါလန် (၂,၇၅၀) ခန့်နှင့် ဟိုက်ဒြောလစ်ဆီ ဂါလန် (၇၅၀) ခန့် သုံးစွဲ၍ စက်သုံးဆီများအား ဂါလန် (၁,၆၀၀) ဆံ့ သိုလှောင်ကန်ဖြင့် သိုလှောင်သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ လုံးရုံးကျေးရွာအုပ်စု၊ လောက်ဖန်း-ကွင်းပြင်ဒေရှိ မြေဧရိယာ (၆၀) ကေပေါ်တွင် တည်ရှိပါသည်။


## ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



# ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan



## ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Flow Chart



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူသည် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ၄-၇-၂၀၂၂ ရက်စွဲပါ စာဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းအား ဟင်းလင်းဖွင့်တူးဖော်နည်းစနစ် (Open Pit Mining Method) ဖြင့် အဓိကတူးဖော်ထုတ်လုပ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ထုံးကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) တန်ချိန် (၉၀,၀၀၀) ခန့်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ တူးဖော်ရရှိသည့် ထုံးကျောက်များအား စုပုံကွင်းတွင်ထားရှိပြီး စုပုံကွင်းမှ ကုမ္ပဏီပိုင် Crown ဘိလပ်မြေစက်ရုံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်းနှင့် ထုံးကျောက်များ တူးဖော်မည့်နေရာသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထုံးကျောက်များတူးဖော်ထုတ်လုပ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ပင်မအဝင်လမ်းဖောက်လုပ်ခြင်း၊ တူးဖော်ရေးလမ်းနှင့် ထုံးကျောက်သယ်ယူရေးလမ်းဖောက်လုပ်ခြင်း၊ မြေမျက်နှာသွင်ပြင် ရှင်းလင်းပြုပြင်ခြင်း၊ သတ္တုသိုက်ဖွင့်လှစ်ခြင်း၊ ရေတားမြောင်း၊ ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ ထုံးကျောက်များတူးဖော်ထုတ်လုပ်ခြင်းနှင့် ယမ်းဖောက်ခွဲခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်သားများအား mask များ၊ face shield များ စသော အကာအကွယ်များ ဝတ်ဆင်စေပြီးမှ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်စေရန်၊

(၂) ဖုန်မှုန့်များ ပျံ့လွင့်မှုမရှိစေရန် လုပ်ငန်းခွင်ဧရိယာအတွင်းနှင့် လမ်းများအား တစ်ရက်လျှင် (၃) ကြိမ် ရေဖျန်းရန်၊

(၃) ထုံးကျောက်စုပုံကွင်းသို့ သယ်ယူရာတွင်လည်းကောင်း၊ စုပုံကွင်းမှ စက်ရုံသို့ သယ်ယူရာတွင်လည်းကောင်း ပြင်ပသို့အမှုန်များ မပျံ့လွင့်စေရန် မိုးကာများ စနစ်တကျလုံခြုံအောင် ဖုံးအုပ်ပြီးမှ သယ်ဆောင်ရန်၊

(၄) လွန်တူးယမ်းခွဲခြင်းအား အများဆုံး နှစ်ရက်လျှင် (၁) ကြိမ်သာ ဖောက်ခွဲရန်၊

(၅) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ပေါ်လာမည့် စွန့်ထုတ်ရေများအား အနည်ထိုင်ကန်၊ ရေစစ်ကန်များ စီမံပြုလုပ်၍ အဆင့်ဆင့်ဖြတ်သန်းစေပြီး စံနှုန်းများအရ အနည်ထိုင်သန့်စင်ရန်၊

(၂) စွန့်ပစ်ရေများအား ပြန်လည်အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(၃) အစိုင်အခဲ၊ စွန့်ပစ်ပစ္စည်းများနှင့် သတ္တုဓာတ်ပြုခြင်းများကြောင့် မူလရေလမ်းကြောင်း များမှတစ်ဆင့် ချောင်း၊ ကန်၊ ရေတွင်းများသို့ ဝင်ရောက်ခြင်းကြောင့် pH Level နိမ့်ကျမှု၊ လူနေအိမ်နှင့် သီးနှံစိုက်ခင်းများအပေါ် ထိခိုက်မှုများလျော့နည်းစေရန်အတွက် ရေလွှဲမြောင်း၊ ရေနုတ်မြောင်းစနစ်များ စနစ်တကျဆောင်ရွက်ထားရှိရန်၊

(၄) မြေစာပုံနှင့် ထုံးကျောက်စုပုံကွင်းတို့မှ ထွက်ရှိသော အနည်အနှစ်များအား အနည်တားမြောင်းဖောက်လုပ်ပြီး စနစ်တကျသွယ်တန်းကာ လုပ်ငန်းသုံးစွန့်ပစ်ရေစုကန်သို့ စီးဝင်စေရေးအတွက် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းဧရိယာအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေသွယ်မြောင်းများ ဖောက်လုပ်ရန်၊

(၆) ရေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေထုအရည်အသွေးထိခိုက်မှုမရှိစေရေးအတွက် စီမံကိန်းအနီးရှိ ချောင်းများ၊ ရေထွက်ပေါက်များသို့ လုပ်ငန်းသုံးစွန့်ပစ်ရေများ စီးဝင်စေခြင်းမရှိစေရန် စွန့်ပစ်မြေစာနှင့် အပေါ်ယံမြေဆီလွှာများကို သတ်မှတ်နေရာများတွင် စနစ်တကျ စုပုံထားရှိရန်၊

(၂) တူးဖော်ခြင်းမရှိသည့်နေရာများ၌ သဘာဝပေါက်ပင်များအား ထိန်းသိမ်းခြင်း၊ ရှင်းလင်းရန် မလိုအပ်သည့် မြေကွက်လပ်များတွင် ဒေသနှင့်ကိုက်ညီသော သစ်မျိုးကောင်းများကို စိုက်ခင်းအဖြစ် ထူထောင်၍ လုပ်ငန်းပိတ်သိမ်းချိန်မှသာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းဆောင်ရွက်မှုအဆင့်တိုင်းတွင် အချိုးကျစိုက်ပျိုးသွားရန်၊

(၃) အပေါ်ယံမြေဆီလွှာနှင့် ဖယ်ရှားမြေများအား စုပုံရာတွင် မြေလွတ်တစ်နေရာ၌ စနစ်တကျစုပုံထား၍ လမ်းပြုပြင်ခြင်းနှင့် ကျင်းချိုင့်များဖို့ခြင်းတွင် ပြန်လည်အသုံးပြုသွားရန်၊

(၄) လုပ်ငန်းပိတ်သိမ်းသည့်အချိန်တွင် တူးဖော်ပြီးသည့် မြေနေရာများအား မြေဆီလွှာများ ပြန်လည်ဖြည့်တင်း၍ ဒေသနှင့် ကိုက်ညီသော သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊

(၅) မြေအရည်အသွေးထိခိုက်မှုလျော့နည်းစေရန်အတွက် အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာစုပုံကွင်းများဘေးတွင် ရေနုတ်မြောင်းများတူးဖော်ထားရှိရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် အရည်အသွေးမြင့် စက်ယန္တရားများနှင့် စက်ပစ္စည်းများကို အသုံးပြု၍ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) စက်ယန္တရားများနှင့် မော်တော်ယာဉ်များ ကြံ့ခိုင်မှုရှိစေရန် အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်ယန္တရားကြီးများအား လိုအပ်ချိန်မှသာ အသုံးပြုခြင်း၊ လွှန်တူးယမ်းခွဲခြင်းများအား အများဆုံးအနေဖြင့် (၂) ရက် (၁) ကြိမ် ပြုလုပ်ခြင်း၊ မော်တော်ယာဉ်များအား သတ်မှတ်မိုင်နှုန်းဖြင့် အရှိန်လျှော့မောင်းနှင်စေခြင်းတို့ ဆောင်ရွက်သွားရန်၊

(၃) အလုပ်သမားများအား ဆူညံမှုနှင့်ပတ်သက်၍ ထိန်းသိမ်းရန် အသိပညာပေးခြင်းများ ပြုလုပ်ရန်၊

(၄) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် စက်ပစ္စည်းများမှ ထွက်ရှိလာသည့် အသံကိုစုပ်ယူနိုင်သည့် အသံလုံစနစ်များ တပ်ဆင်ထားရှိရန်နှင့် Ear Bug များ တပ်ဆင်အသုံးပြုရန်၊

(၅) အသံဆူညံမှုနှင့်ဆိုင်သော အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထုံးကျောက်နှင့် စွန့်ပစ်မြေစာပုံတို့မှ ရေတိုက်စားမှုကြောင့် နုန်းအနည်အနှစ်များ လုပ်ကွက်အတွင်း ကျရောက်ပျံ့နှံ့မှုမရှိစေရန် ရေသွယ်မြောင်း/ အနည်တား

မြောင်းများဖောက်လုပ်စေကာ မြောင်းအတွင်းစီးဝင်စေပြီး ရေစုကန်တွင် အနည်ထိုင်စေပြီး ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုရန်၊

(၂) စွန့်ပစ်အမှိုက်များအား အမှိုက်ကန်တွင် စနစ်တကျစွန့်ပစ်စေခြင်း၊ မြေမြှုပ်ခြင်းများဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စနစ်တကျဆောင်ရွက်ရန်၊

(၃) အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများအား စုပုံကွင်းတည်ဆောက်၍ စနစ်တကျ စုပုံစွန့်ပစ်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများကို ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်း ရှားပါးမျိုးစိတ်များ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များ တွေ့ရှိပါက ဒေသခံများ၊ ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် တိုင်ပင်ညှိနှိုင်း၍ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊

(၂) သစ်တော/သစ်ပင်များကို ခုတ်ထွင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ထင်းအဖြစ်သုံးစွဲခြင်း မရှိစေရန် စောင့်ကြည့်စစ်ဆေးတားမြစ်ခြင်းများ ဆောင်ရွက်ရန်၊

(၃) တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်ခြင်း၊ ထောင်ချောက်ဆင်ဖမ်းဆီးခြင်းများကို တင်းကြပ်စွာတားမြစ်ရန်၊

(၄) စီမံကိန်းဧရိယာအတွင်း သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုကိုခံယူ၍ ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားများကို စိုက်ပျိုးရန်။

(ဈ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန် မီးဘေးအန္တရာယ်စောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဝန်ထမ်းနှင့် လုပ်သားများပါဝင်သော အရေးပေါ်မီးငြိမ်းသတ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်၊

(၂) စီမံကိန်းဧရိယာအတွင်း တောမီးကူးစက်လောင်ကျွမ်းခြင်းမှ ကာကွယ်နိုင်ရန် မီးတားလမ်းများ ဆောင်ရွက်ထားရှိရန်၊

(၃) မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရန်အတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ရေကန်များ၊ မီးသတ်ပိုက်များနှင့် သဲပုံးများ ကြိုတင်စီမံထားရှိရန်၊

(၄) ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးသင်တန်းများ သင်ကြားပို့ချပေးရန်နှင့် မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရန်၊

(၅) လျှပ်စစ်မီးကြိုးများနှင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများအား ပုံမှန်စစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ရန်၊

(၆) လောင်စာဆီသိုလှောင်ရုံအား နေ့စဉ်စစ်ဆေးမှုမှတ်တမ်းများ ထားရှိ၍ သိုလှောင်ရုံဧရိယာတွင် ဆေးလိပ်သောက်သုံးခြင်းမပြုစေရေး တင်းကြပ်စွာ တားမြစ်ရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) နေ့စဉ်မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ ဂရုပြုနားထောင်ရန်နှင့် အဆောက်အဦ၊ ထုံးကျောက်တောင်နံရံများ ပြိုကျမှုမှကာကွယ်နိုင်ရန် ကြံ့ခိုင်မှု အခြေအနေများ စစ်ဆေးဆောင်ရွက်ရန်၊

(၂) အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အရေးကြီးစာရွက်စာတမ်းများ ရေမစိုစေရန်အတွက် ပလတ်စတစ်အိတ်ဖြင့် လုံခြုံစွာထုပ်ပိုးသိမ်းဆည်းရန်၊

(၃) သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များရေးဆွဲထားရှိ၍ ဝန်ထမ်းများအား သင်တန်းပို့ချပေးထားရန်၊

(၄) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရန်၊

(၅) ဝန်ထမ်းများအား ရှေးဦးသူနာပြုစုနည်းသင်တန်းများ သင်ကြားပို့ချပေးရန်၊

(၆) အဆိပ်အတောက်ဖြစ်စေမည့် ဓာတုဗေဒ၊ ပိုးမွှားပျော်ဝင်ပစ္စည်းများ ပျံ့နှံ့ဝင်ရောက်ခြင်း ရှိ/မရှိ စမ်းသပ်စစ်ဆေးသည့်ကိရိယာ (Rapid Test Kits) များ အဆင်သင့်ထားရှိရန်၊

(၇) လုပ်ငန်းခွင်ကျွမ်းကျင်မှု ရှိစေရန်အတွက် ဝန်ထမ်းများအား ကျွမ်းကျင်ပညာရှင်များမှ လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းခွင်ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင်၍ လုပ်ငန်းခွင်သို့ ဝင်ရောက်စေခြင်း၊ အရေးပေါ်ကာကွယ်ရေးစီမံချက်၊ မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(ဋ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာတွင် သွားရောက်၍ အလုပ်မလုပ်မီ အန္တရာယ်ဖြစ်စေနိုင်မည့် အခြေအနေများနှင့် မြေပြင်အခြေအနေကို ကြိုတင်စစ်ဆေးခြင်းတို့ ပြုလုပ်ရန်၊

(၂) လုပ်ကိုင်ဆောင်ရွက်နေသော နံရံများ၊ လှော်စောက်များတွင် ကွဲအက်ခြင်းများ (သို့မဟုတ်) အားနည်းသော လက္ခဏာများကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်၊

(၃) လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်အတွက် ဝန်ထမ်းများအား ကျွမ်းကျင်ပညာရှင်များမှ လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းခွင်ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင်၍ လုပ်ငန်းခွင်သို့ ဝင်ရောက်စေခြင်း၊ အရေးပေါ်ကာကွယ်ရေးစီမံချက်၊ မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လုပ်ကွက်တာဝန်ခံမှ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းရုံးခန်းတွင် အရေးပေါ်အခြေအနေအတွက် လိုအပ်မည့် ဆေးဝါးများ လုံလောက်စွာထားရှိရန်နှင့် ဌာနဆိုင်ရာဖုန်းနံပါတ်များ၊ ဆေးရုံ/ဆေးခန်း၏ ဖုန်းနံပါတ်များနှင့် လူနာတင်ယာဉ်ခေါ်ယူရမည့် ဖုန်းနံပါတ်များအား မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရှိရန်။

(၆) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းရေးသက်တမ်းအတွင်း (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ စီမံကိန်းရေးသက်တမ်းအတွင်းတွင် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) မြေထုအရည်အသွေးနှင့်စပ်လျဉ်း၍ စီမံကိန်းရေးသက်တမ်းအတွင်း (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) လေအရည်အသွေးနှင့်စပ်လျဉ်း၍ စီမံကိန်းရေးသက်တမ်းအတွင်း (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းရေးသက်တမ်းအတွင်း (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(၇) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ឲ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတွက် ရန်ပုံငွေကျပ် (၁၇,၅၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၆,၀၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအတွက် ရန်ပုံငွေကျပ် (၇၃,၅၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(တ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်သည့်လုပ်ငန်းစတင်ချိန်မှစ၍ အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများအား မြေစာပုံနေရာတွင် စနစ်တကျစုပုံ၍ ကျင်းများ၊ ချိုင့်များအတွင်း ပြန်လည် မြေဖို့ခြင်းများ ဆောင်ရွက်ရန်၊

(၂) မြေဖို့မြေညှိပြုပြင်ပြီးသော လုပ်ကွက်နေရာများတွင် ဒေသနှင့်ကိုက်ညီသော သင့်လျော်သည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးပေးရန်၊

(၃) မြေသားပြိုကျနိုင်သောနေရာများ၊ တောင်စောင်းများရှိနေပါက သစ်ပင်များ စိုက်ပျိုး၍ မြေထိန်းခြင်း ပြုလုပ်မည်ဖြစ်ပြီး လိုအပ်ပါက မြေထိန်းနံရံများ ပြုလုပ်ပေးသွားရန်၊

(၄) တူးဖော်ထားသည့်ကျင်းများ၊ ချိုင့်များအား စွန့်ပစ်မြေစာများ ဖြည့်တင်းပြီး မြေညှိ၍ ၎င်းအပေါ်တွင် အပေါ်ယံမြေဆီလွှာများ ပြန်လည်အသုံးပြုကာ ဒေသမျိုးရင်းဖြစ်သော အကြီးမြန်အပင်များ စိုက်ပျိုးပေးသွားရန်၊

(၅) စီမံကိန်းလုပ်ငန်းပြီးစီးချိန်တွင် ဆောက်လုပ်ထားသော အဆောက်အဦများအား ဖျက်သိမ်းသယ်ယူခြင်း၊ ယာဉ်စက်ယန္တရားများအား အခြားစီမံကိန်းသို့ ပြောင်းရွှေ့ခြင်း၊ လူ့အသုံးအဆောင်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများအား တွင်းတူး၍ မြှုပ်ခြင်းများ ပြုလုပ်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းလုပ်ငန်းပြီးစီးချိန်တွင် ဖြစ်ပေါ်ခဲ့သော ပတ်ဝန်းကျင်သက်ရောက်မှုများကို စီမံကိန်းလုပ်ငန်းမစတင်မီ နမူနာကောက်ယူထားသော ဓာတ်ခွဲစမ်းသပ်

ချက်များနှင့် နှိုင်းယှဉ်၍ စောင့်ကြည့်ကာလ (၅) နှစ် အတွင်း အနီးစပ်ဆုံးရရှိသည်အထိ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားရန်၊

(၇) လုပ်ကွက်ဧရိယာအတွင်း ယာယီဖောက်လုပ်ထားသော လမ်းများအား ပြန်လည်ပြုပြင်ပေးခြင်းနှင့် မြေဖို့ခြင်းများ ပြုလုပ်ပေးသွားရန်၊

(၈) စီမံကိန်းအနီး လုပ်ကွက်နှင့်ဆက်စပ်နေသော ဧရိယာအနီးရှိ ရေထွက်မှ ရေနမူနာများ ရယူ၍ ရေအရည်အသွေးအား တိုင်းတာစစ်ဆေးသွားရန်၊

(၉) တူးဖော်ထုတ်လုပ်ခြင်းကာလအတွင်း ခန့်အပ်ထားသော ဝန်ထမ်းများအား ဆက်လက်လုပ်ကိုင်လိုပါက မိမိတို့ကုမ္ပဏီ၏ အခြားလုပ်ငန်းခွင်သို့ ဆက်လက်အသုံးပြုခြင်း (သို့မဟုတ်) ဒေသအတွင်းရှိ အခြားထုတ်လုပ်ရေးလုပ်ငန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေနိုင်ရန်နှင့် ၎င်းတို့၏ မိရိုးဖလာလုပ်ငန်းများအား ပြန်လည်လုပ်ကိုင်လိုပါကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားရန်၊

(၁၀) တူးဖော်ထုတ်လုပ်မှုဆောင်ရွက်ပြီး ပြုပြင်ထိန်းသိမ်းထားသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများအား ပိတ်သိမ်းပြီး စောင့်ကြည့်ကာလ (၅) နှစ်အတွင်း ရန်ပုံငွေထားရှိ၍ စောင့်ကြည့်ပြုပြင်ဆောင်ရွက်ရန်၊

(၁၁) စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့သည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို (၆) လတစ်ကြိမ် အစီရင်ခံစာ (၁) စောင် ရေးသား၍ သစ်ပင်၊ ရေ၊ လေ၊ မြေထု၊ အခြေအနေများအား ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရန်နှင့် ချမှတ်လာသော လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။**
အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့်

ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့်စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၅) သတ္တုတွင်းပြုမိန့်တွင်ပါရှိသည့် ဟင်းလင်းဖွင့်တူးဖော်ခြင်း နည်းစနစ်ဖြင့်သာ ဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များ

အား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်း ပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်း အဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် အညီပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျ စေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း ၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာ များဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင် များစိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက် ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီး ဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ်လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်းသို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီး နောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့် စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၄) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ

လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့်သီးခြားရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့်ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်း

ကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီး နောက်(၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(ဖ) စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည်သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

(ဥ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့

စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေး သည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင်ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊

လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---